# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၈၈၁

၂၀၁၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၆၂ တွင် ချမှတ်သော ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်အပေါ် တင်သွင်းသောအယူခံမှု

| | | |
|---|---|---|
| ဦးဘင်သစ်<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ခိုင်ဇာထွန်း) | နှင့် | FM INDUSTRIAL & CONSTRUCTION Co.,Ltd.<br>(၎င်းကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူဦးလှဝင်း) |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

အယူခံတရားလိုအတွက် - ဒေါ်ချစ်စန္ဒီ၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးသန်းစိုး၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇၂ တွင် တရားလိုဦးဘင်သစ်က တရားပြိုင် FM INDUSTRIAL & CONSTRUCTION Co.,Ltd. အပေါ် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၅၄ အရ ကုန်အမှတ်တံဆိပ်ကို တုပပြုလုပ်မှုအတွက် ထာဝရတားဝရမ်းထုတ်ဆင့်ပေးစေလိုမှုနှင့် နစ်နာကြေးငွေကျပ်သိန်း ၂၀၀၀ ရလိုမှုစွဲဆိုရာ အနိုင်ဒီကရီ ရခဲ့သည်။ FM INDUSTRIAL & CONSTRUCTION Co.,Ltd.(ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူဦးလှဝင်း) က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၆၂ ဖြင့် အယူခံဝင်ရာ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး တရားလိုစွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့သဖြင့် ဦးဘင်သစ် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ခိုင်ဇာထွန်း) က ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် (၁၄) ရပ်ကွက်၊ ဘိုးရာဇာလမ်းနေ ဦးဘင်သစ် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ခိုင်ဇာထွန်း) က ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊

အနေဝ်ရထာလမ်းရှိ FM INDUSTRIAL & CONSTRUCTION Co.,Ltd. အပေါ် သီးခြား သက်သာခွင့်ဥပဒေပုဒ်မ ၅၄ အရ ကုန်အမှတ်တံဆိပ်ကို တုပပြုလုပ်မှုအတွက် ထာဝရတားဝရမ်း ထုတ်ပေးစေလိုမှုနှင့် နစ်နာကြေးငွေကျပ်သိန်း ၂၀၀၀ ရလိုကြောင်း စွဲဆိုမှုဖြစ်သည်။

အဆိုလွှာတွင် တရားလိုသည် ENJOY ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြု၍ ကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်အတွက် မှတ်ပုံတင်စာချုပ်အမှတ် ၄ / ၁၂၈၅ / ၂၀၀၃ နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ရောင်းချရန် အတွက် မှတ်ပုံတင်စာချုပ်အမှတ် ၄ / ၁၂၈၆ / ၂၀၀၃ တို့ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး တွင် ၂၅-၂-၂၀၀၃ ရက်နေ့၌ တင်သွင်းထားပြီး အလှကုန်အမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး အား ENJOY အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဖွန်လတွင် တရားလို ၏အရောင်းတာဝန်ခံများသည် တရားလိုထုတ်လုပ်သော ကုန်စည်များအား ဈေးကွက်တွင် ဖြန့်ဖြူး ရောင်းချရာ ဖြန့်ဖြူးသောဆိုင်များတွင် တရားလို၏ကုန်ပစ္စည်း Vitamain E Oil ဟု ထင်မှတ် ရလောက်အောင် ဆင်တူရိုးမှားဖြစ်နေအောင် GOAL ဟူသောစာလုံးမှလွှဲ၍ အရောင်တူ၊ အဆင်တူ၊ စာလုံးတူများဖြင့် တရားလို၏ ENJOY ကုန်ပစ္စည်းနှင့်ပုံစံတူ၊ အရွယ်တူ၊ သင်္ကေတူအိတ်ခွံ၊ ဘူးခွံ များဖြင့် GOAL ဟူသော Vitamin E Oil အမျိုးတူ ကုန်ပစ္စည်းကိုတွေ့ရှိ၍ မေးမြန်းစုံစမ်းရာ အဆိုပါ ပစ္စည်းများကို တရားပြိုင်က ရောင်းချဖြန့်ဖြူးပေးရန်အတွက် လာရောက်တင်ထားကြောင်း၊ ဈေးနှုန်း မှာ တရားလိုကုန်ပစ္စည်းထက် သက်သာကြောင်း၊ ကော်မရှင်နှင့်အခွင့်အရေးများကို တရားလို၏ ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချခြင်းထက် ပိုမိုပေးထားကြောင်း၊ တရားပြိုင်၏ကုန်ပစ္စည်းတွင် တရားလို၏ ENJOY ဟူသောနေရာ၌ GOAL စကားလုံးပါရှိသည်မှလွှဲ၍ တရားလို၏ ကုန်ပစ္စည်း ထုတ်ပိုးထည့်သွင်း ဖြန့်ဖြူးရောင်းချသည့် ထုတ်ပိုးပစ္စည်းတွင် ပါရှိသောစာတမ်းအမှတ်အသား၊ အရောင်အဆင်း၊ အမြင်ပုံစံအနေအထားများအတိုင်း အားလုံးကိုတရားလိုပစ္စည်းနှင့် ထပ်တူလုပ်ပြီး တရားလိုပစ္စည်းနှင့်ထင်ရောင်ထင်မှား ဖြစ်အောင်လုပ်ပြီး တရားပြိုင်မှငင်းကုန်ပစ္စည်းများကို ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနေကြောင်း၊ ထိုသို့တရားပြိုင်၏ကုန်ပစ္စည်းများ ဈေးကွက်အတွင်း ဝင်လာ၍ တရားလို၏ပစ္စည်းများ ဖြန့်ဖြူးရောင်းချမှုမှာ တဖြည်းဖြည်းကျဆင်းလာပြီး တရားလို တွင် နစ်နာမှုဖြစ်ရကြောင်း၊ တရားလို၏ရှေ့နေမှတစ်ဆင့် တရားပြိုင်ထံ ၂၅-၆-၂၀၁၄ ရက်နေ့ တွင် တရားလို၏ကုန်ပစ္စည်းနှင့်ဆင်တူယိုးမှားတုပကူးယူသော GOAL အမည်ပါ Vitamin E Oil ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမလုပ်ရန်၊ ကုန်ပစ္စည်းများကို ၉-၇-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းပေးရန် တောင်းဆိုခြင်း၊ ၂၈-၆-၂၀၁၄ ရက်နေ့ တွင် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ၂-၇-၂၀၁၄ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာ တွင် လည်းကောင်း၊ မှတ်ပုံတင်ထားသော ENJOY ကုန်အမှတ်တံဆိပ်နှင့် ထုတ်လုပ်ရောင်းချ နေသော Vitamin E Oil ကုန်ပစ္စည်းနှင့် ထင်ရောင်ထင်မှားဖြစ်စေရန် ထုတ်ပိုးပုံစံကို ဆင်တူယိုးမှား တုပကူးယူထုတ်လုပ် ဖြန့်ဖြူးရောင်းချနေသော GOAL အမည်ပါ Vitamin E Oil ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန် အသိပေးတားမြစ်ခြင်းနှင့် အများ

သိစေရန် ကြော်ငြာခဲ့ပြီးဖြစ်ကြောင်း၊ တရားပြိုင်မှ တရားလိုပေးပို့သော အကြောင်းကြားစာနှင့်ပတ်သက်၍ ပြန်ကြားစာအား ၃-၇-၂၀၁၄ ရက်နေ့တွင် ပြန်ကြားသဖြင့် တရားပြိုင်အပေါ် တရားစွဲရကြောင်း အဆိုပြုသည်။

တရားပြိုင်၏ ချေလွှာတွင် တရားပြိုင်ကုမ္ပဏီသည် GOAL တံဆိပ်ဖြင့် Vitamin E Oil ကို ကိုယ်ပိုင်စိတ်ကူးဖြင့် ထုတ်လုပ်ရောင်းချခဲ့ခြင်းဖြစ်ပြီး တရားလို၏ ENJOY တံဆိပ်ကို တုပထုတ်လုပ်ရောင်းချခြင်းမရှိကြောင်း၊ ကိုယ်ပိုင်တံဆိပ် ကိုယ်ပိုင်တီထွင်ထုတ်လုပ်ရောင်းချခြင်းဖြစ်ပြီး မိမိရောင်းနိုင်သောဈေးနှုန်းဖြင့် ရောင်းချခြင်းဖြစ်ပါကြောင်း၊ GOAL တံဆိပ်နှင့် တရားလို၏ ENJOY တံဆိပ်တို့သည် စာလုံးချင်းမတူ၊ အဓိပ္ပါယ်ချင်းလည်းမတူ တံဆိပ်တွင်ပါရှိသော ရုပ်ပုံချင်းလည်းမတူ လုံးဝကွဲပြားခြားနားသော ပုံစံရှိကြောင်း၊ တရားပြိုင်သည် တရားလို၏ ENJOY တံဆိပ်နှင့်ထပ်တူပြုလုပ်ပြီး ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်သည်ဆိုခြင်းမှာ လုံးဝမှန်ကန်ခြင်းမရှိကြောင်း၊ တရားပြိုင်၏ကုမ္ပဏီသည် GOAL တံဆိပ် အမှတ်အသားဖြင့် Vitamin E Oil ကို မြန်မာပြည်တွင် ဖြန့်ဖြူးရောင်းချရန်အတွက် ၂၈-၄-၂၀၁၄ ရက်နေ့က ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် ၅၄၃၅ / ၂၀၁၄ ဖြင့် စာချုပ်မှတ်ပုံတင်သွင်းခဲ့ကြောင်း၊ ဒါရိုက်တာ ဦးလှဝင်း (ခ) လင်အင်းယားသည် FM INDUSTRIAL & CONSTRUCTION Co.,Ltd. ကိုယ်စား GOAL တံဆိပ် ET. OILS with Vitamin $B_5$ & Squalane Hair Care Capsule ကို မြန်မာပြည်တွင် ဖြန့်ဖြူးရောင်းချရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၁၂၈၀ / ၂၀၀၆ ဖြင့်လည်း တရားဝင်မှတ်ပုံတင်သွင်းခဲ့ပါကြောင်း၊ တရားလို၏ ကုန်အမှတ်တံဆိပ်ကို တုပပြုလုပ်ခြင်းမရှိသည့်အတွက် တရားလို၏ ဆိုလွှာကို စရိတ်နှင့်တကွ ပလပ်ပေးရန် ချေပသည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက ENJOY ကုန်အမှတ်တံဆိပ်အား တရားလိုတစ်ဦးတည်းမူပိုင်အသုံးပြုရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သည့်နေ့မှာ ၂၅-၂-၂၀၁၃ ရက်ဖြစ်ကြောင်း၊ ယင်း ENJOY ကုန်အမှတ်တံဆိပ်ဖြင့် အလှကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ရောင်းချရန် မှတ်ပုံတင် ခဲ့ပြီးနောက် ၂၀၀၄ - ၂၀၀၅ ခုနှစ်တွင် ENJOY ရှန်ပူကို စတင်ထုတ်လုပ်ရောင်းချခဲ့ရာ ဈေးကွက်၌ အသိအမှတ်ပြုလက်ခံ၍ ENJOY Hair Cream နှင့် ENJOY Hair Gel တို့ကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် မည်သူမျှထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမရှိသေးသော လူသိများထင်ရှားသည့် Vitamin E စကားလုံးကို Oil စာလုံးပေါင်းကာ Vitamin E Oil ဟု တီထွင်အမည်ပေးခြင်း၊ ယင်း Oil စကားလုံးနှင့် ပေါင်းစပ်၍ Vitamin E Oil ဟု ENJOY ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ထုတ်လုပ်ရောင်းချခဲ့ကြောင်း၊ ယင်းသို့ထုတ်လုပ်ရောင်းချရာတွင် ကုန်ပစ္စည်းထုတ်ပိုးသည့် အိတ်ခွံဒီဇိုင်းကို ပန်းချီဒီဇိုင်းပညာရှင်ဦးအောင်ကျော်မိုး (လိုပြ - ၄) ဖြင့် တရားလိုမှ စိတ်ကူးပုံဖော်ရေးဆွဲစေခဲ့ပြီး လိမ္မော်၊ အစိမ်း၊ အနက် အရောင် (၃) ရောင်ခွဲ၍ ရောင်းချခဲ့ရာ လူကြိုက်များအောင်မြင်လာခဲ့ကြောင်း၊ ENJOY Vitamin E Oil ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရာတွင် အသုံးပြုသောထည့်သွင်းသည့် အိတ်၊ ဘူးခွံ၊ ဆွဲချိတ်ကတ်နှင့် ချပ်ပုံး

တို့သည် အရောင်တူ၊ အရွယ်တူ၊ ဒီဇိုင်းတူပြီး ENJOY နှင့် GOAL ဟူသော စကားလုံးများမှလွဲ၍ ကျန်စကားရပ်များတူညီကြောင်း၊ အမြင်အားဖြင့်လည်းကောင်း၊ သက်သေခံချက်များအရလည်းကောင်း တွေ့ရသည်ဟု မူလခရိုင်တရားရုံးက သုံးသပ်ခဲ့ကြောင်း၊ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီမှာ ဥပဒေအရလည်းကောင်း အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းမှုမရှိပါကြောင်း၊ ကုန်ပစ္စည်းချိတ်ဆွဲ ရောင်းချရန်အတွက် ကတ်ပြားများကို ENJOY တွင် ဆံကေသာအားဖြည့်သော Vitamin E အဆီဟူ၍ တရားလို၏ကိုယ်ပိုင်ဉာဏ်ဖြင့် အင်္ဂလိပ် - မြန်မာ ကတ်ပြားစာတန်းအတိုင်း GOAL ၏ ချိတ်ဆွဲကတ်၌ သုံးထားကြောင်း၊ ချပ်ပုံးများကို ENJOY ချပ်ပုံးအတိုင်း ဒီဇိုင်းကူးယူပြီး ENJOY နှင့် GOAL စကားလုံးသာ ပြောင်းလဲအသုံးပြုကြောင်း၊ ဂျပန်စကားလုံးပုံစံများ အညွှန်းများကူးယူ အသုံးပြုကြောင်း၊ ဦးကျော်စွာထက် (ရုံးခေါ်သက်သေ) (Grand Harvest) စက္ကူချပ်ပုံးကုမ္ပဏီ ၏ မန်နေဂျာ၊ GOAL ချပ်ပုံးထုတ်လုပ်ပေးသည့် ကုမ္ပဏီကလည်း " တရားပြိုင်မှ ENJOY Vitamin E Oil ထည့်သည့်စက္ကူချပ်ပုံးကိုယူလာပြီး ထုတ်လုပ်ပေးရန် လာရောက်အပ်နှံကြောင်း " ထွက်ဆိုချက်ထင်ရှားနေသည့်အပေါ် တရားပြိုင်သည် တရားလို၏ကုန်အမှတ်တံဆိပ်ကိုတုပပြီး လူအများအား လှည့်ဖြားရန် စီမံထုတ်လုပ်ခြင်းဖြစ်သည်ဟု ကောက်ယူရန်အကြောင်းမရှိဟု သုံးသပ်ပြီး မူလရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းမှာ ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းနေပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက် နှင့် ဒီကရီအား ပယ်ဖျက်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ စီရင်ချက် နှင့် ဒီကရီအား အတည်ပြုပေးပါရန် စီရင်ထုံးများနှင့်တကွ လျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက Vitamin E အထူးပါဝင်သော ခေါင်းလိမ်းရာတွင် အသုံးပြုသည့် အဆီ (Oil) ကို တရားပြိုင်တင်သွင်းသော မှတ်ပုံတင် ကုန်အမှတ်တံဆိပ်ဖြစ်သည့် GOAL အမည်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးကြောင်း Vitamin E Oil မှာ ဗီတာမင် E ဓာတ်ပါရှိသော ခေါင်းလိမ်းရန်အဆီ ကုန်စည်အမျိုးအစားဟုဆိုသဖြင့် ယင်းစကားလုံး ဝေါဟာရမှာ Vitamin E ဓာတ်ပါရှိသည့် ခေါင်းလိမ်းဆီရောင်းချသူတိုင်းက အလွယ်တကူ အသုံးပြုခွင့်ရှိပါကြောင်း၊ GOAL အမှတ်တံဆိပ်အမည်အမှတ်အသားကို GOAL ဟူသော အင်္ဂလိပ်ဘာသာစကားလုံးသာမက ထုပ်ပိုးသောအိတ်ခွံဒီဇိုင်းပုံသဏ္ဍာန် အချိုးအစား၊ အရောင်အသွေးကိုပါ ပြည့်စုံစွာကုန်အမှတ်တံဆိပ် Device အဖြစ် မှတ်ပုံတင်သွင်းထားခြင်းဖြစ်သည်ဟု ထင်ရှားပေါ်ပေါက်ကြောင်း၊ GOAL တံဆိပ် Vitamin E Oil ကုန်စည်အား ဖြန့်ဖြူးရောင်းချမှုသည် မူလရုံးတရားလို၏ ENJOY ကုန်အမှတ်တံဆိပ်ဖြန့်ဖြူးသော Vitamin E Oil ကုန်စည်များအား ဝယ်ယူသုံးစွဲသူ လူတန်းစားအား လှည့်ဖြား၍ စီမံပြုလုပ်ထားသည်ဟူသော သက်သေခံချက်များ မပေါ်ပေါက်ကြောင်း၊ အယူခံတရားပြိုင် ကုမ္ပဏီက GOAL အမှတ်တံဆိပ် Vitamin E Oil ကုန်ပစ္စည်းအား ဆင်တူယိုးမှားဖြစ်အောင် ယှဉ်ပြိုင်ရောင်းချလာမှုကြောင့် အယူခံတရားလို ကုမ္ပဏီအနေဖြင့် ရောင်းအားကျဆင်းပြီး ငွေကျပ်သိန်း ၂၀၀၀ တန်ဖိုးနစ်နာသည်ဟု ခိုင်မာသော

သက်သေခံချက်မရှိကြောင်း၊ မူလရုံးအမှုတွင် အချင်းဖြစ် ENJOY ကုန်အမှတ်တံဆိပ်ကို ပိုင်ဆိုင်ကြောင်း ကုမ္ပဏီအမည်ဖြင့် မှတ်ပုံတင်ထားပြီး အမှုစွဲဆိုသူသည် (လူပုဂ္ဂိုလ်) ဦးဘင်သစ်ဖြစ်ပါကြောင်း၊ သို့ရာတွင် အဆိုပါ ENJOY ကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ ကုန်စည်များထုတ်လုပ်ဖြန့်ဖြူးနေသူသည် ဦးဘင်သစ် (လူပုဂ္ဂိုလ်) မဟုတ်ဘဲ " Three Gold Stars Manufacturing Co.Ltd." သာဖြစ်သည်ဟု ထင်ရှားပေါ်ပေါက်သဖြင့် ယင်းကုမ္ပဏီကသာလျှင် ယခုအမှု သက်သာခွင့်များကို တောင်းခံစွဲဆိုရန် အခွင့်အရေး Right to Sue ရှိမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ တရားလိုဦးဘင်သစ်မှာ ယခုအမှုအားစွဲဆိုရန် အခွင့်အရေးမရှိပါ၍ အယူခံလွှာအား ပလပ်ပြီး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအား ဆက်လက်အတည်ပြုပေးရန် လျှောက်ထားတင်ပြသည်။

အမှုတွင် တရားလို၏ ကုန်အမှတ်တံဆိပ် ENJOY Vitamin E Oil နှင့် တရားပြိုင်၏ ကုန်အမှတ်တံဆိပ် GOAL Vitamin E Oil တို့မှာ ထပ်တူထပ်မျှတူညီမှုရှိ မရှိ၊ တရားပြိုင်မှ တုပထုတ်လုပ်ခြင်းရှိ မရှိ စိစစ်ရန်နှင့် တရားပြိုင်၏ပြုမူမှုကြောင့် ထာဝရတားဝရမ်းထုတ်ဆင့်ရန်နှင့် နစ်နာကြေးပေးရန် လိုအပ်ခြင်းရှိ မရှိ စိစစ်ရန်ဖြစ်သည်။

မူလရုံးအမှုတွင် တရားလို ဦးဘင်သစ် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ခိုင်ဇာထွန်း) က ENJOY ကုန်အမှတ်တံဆိပ်အား တစ်ဦးတည်းမူပိုင်အသုံးပြုရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၁၂၈၆ / ၁၃ သက်သေခံ (ခ)၊ မှတ်ပုံတင်အမှတ် ၁၂၈၅ / ၁၃ သက်သေခံ (ဂ) တို့အား ၂၅-၂-၂၀၁၃ ရက်စွဲဖြင့် မှတ်ပုံတင်ခဲ့ကြောင်း၊ ၂၀၀၄ - ၂၀၀၅ ခုနှစ်တွင် ENJOY ရှန်ပူစတင်ထုတ်လုပ်ရောင်းချရာ ဈေးကွက်တွင် အသိအမှတ်ပြုလက်ခံ၍ ENJOY Hair Cream နှင့် ENJOY Hair Jel ကို ၂၀၀၆ ခုနှစ်တွင် မည်သူမျှ ထုတ်လုပ်ဖြန့်ဖြူးခြင်းမရှိသေးသည့် Vitamin E Oil ကို ENJOY အမည်ဖြင့် ထုတ်လုပ်ရောင်းချခဲ့ကြောင်း၊ ထိုသို့ရောင်းချရာတွင် ကုန်ပစ္စည်းထုတ်ပိုးသည့်အိတ်ခွံဒီဇိုင်းကို ဒီဇိုင်းပညာရှင်ဦးအောင်ကျော်မိုး (လိုပြ - ၄) ဖြင့် တရားလိုမှ စိတ်ကူးပုံဖော်ပြီး လိမ္မော်၊ အစိမ်း၊ အနက်ရောင် ၃ ရောင်ခွဲ၍ ရောင်းချခဲ့ကြောင်း၊ ချပ်ပုံးကိုလည်း တရားလိုစိတ်ကူးပုံဖော်၍ ရေးဆွဲစေကြောင်း ဆိုင်များတွင်ချိတ်ဆွဲရောင်းချရန် ENJOY Vitamin E Oil ပုလင်းကာတွန်းပုံစံများပြုလုပ်ရောင်းချခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်၊ ၉ လပိုင်းတွင် ENJOY Vitamin E Oil ဆံပင်ဖြောင့်ရန် ပန်းရောင်နှင့် ခရမ်းရောင် ဒီဇိုင်းအဆင့်ဆင့်ပုံဖော်ပုံများအား သက်သေခံတင်သွင်း၍ ထွက်ဆိုထားကြောင်း တွေ့ရှိရသည်။

တရားပြိုင်ဘက်မှလည်း ၎င်း၏ကုန်အမှတ်တံဆိပ် GOAL ET Oil အမည်ဖြင့် ခေါင်းလိမ်းဆီနှင့် အလှကုန်အမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးရန် သက်သေခံ (၇) စာချုပ်အရ ကုန်အမှတ်တံဆိပ်အား ၂၀-၂-၂၀၀၆ ရက်နေ့တွင် မှတ်ပုံတင်အမှတ် ၁၂၈၀ / ၂၀၀၆ ဖြင့် မှတ်ပုံတင်ခဲ့ကြောင်း၊ ကုန်ပစ္စည်းထည့်သွင်းဖြန့်ဖြူးရောင်းချသည့် ပလတ်စတစ်အရောင်မှာ ပန်းရောင်နှင့် ခရမ်းရောင်ဖြစ်ကြောင်း၊ ဘောလုံးတံဆိပ်မှာလည်း နှစ်လုံးဖြစ်ကြောင်း၊ GOAL မှာ ညာဘက်သို့

မိန်းကလေးဆံကေသာချထားပုံ အသုံးပြုထားကြောင်း၊ ENJOY တံဆိပ်နှင့် ကွာခြားကြောင်း၊ ချပ်ပုံးမှာလည်း ENJOY နှင့် အရွယ်အစား၊ အရောင်၊ ဒီဇိုင်းတူသော်လည်း GOAL ဟု စကားလုံး ဖော်ပြထားကြောင်း၊ တရားလို၏ကုန်အမှတ်တံဆိပ် ENJOY ကို တုပမှုမရှိခဲ့ကြောင်း ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးလှဝင်းထွက်ဆိုထုချေထားသည်။ ထို့အပြင် မိမိတစ်ဦးတည်းမူပိုင်အဖြစ် တံဆိပ်အမည်အမှတ်အသားများအား သက်သေခံ (၈) အဖြစ် တင်ပြထားကြောင်း တွေ့ရသည်။

တစ်ဦးတစ်ယောက်သောသူ၏ ထုတ်လုပ်သော ကုန်စည်ဖြစ်ကြောင်းကိုလည်းကောင်း၊ အရောင်းအဝယ်ကုန်စည်ဖြစ်ကြောင်းကိုသော်လည်းကောင်း ဖော်ပြရန် အသုံးပြုသော အမှတ်အသား ကို ကုန်အမှတ်တံဆိပ်ဟု ခေါ်သည်။ **ရာဇသတ်ကြီးပုဒ်မ ၄၇၈** ကိုကြည့်ပါ။

ကုန်အမှတ်တံဆိပ်တူသည့် ဈေးကွက်တွင် ရောင်းချသော ကုန်စည်များကို အလားတူ ကုန်စည်များနှင့် ခွဲခြားနိုင်ရန်လည်းကောင်း၊ တစ်ဦးတစ်ယောက်သောပိုင်ရှင်နှင့် ဆက်စပ်မိစေရန်လည်းကောင်း၊ ထိုရောင်းသော ကုန်စည်များအတွက် အသုံးပြုသည့် သို့မဟုတ် ကုန်စည်များအပေါ်တွင် ကပ်ထားသော သင်္ကေတ၊ အထိမ်းအမှတ်တို့ကိုကြည့်ရှုရသည်။ ကုန်အမှတ် တံဆိပ်တွင် ပုံအမှတ် (Device)၊ အမှတ်တံဆိပ် (Brand)၊ ခေါင်းစီး (Heading) အစရှိသည်များ၊ ၎င်းတို့အား စုပေါင်းထားချက်များပါဝင်သည်။

အတုပြုလုပ်သည်ဆိုရာတွင် အရာဝတ္ထု၏ ပုံသဏ္ဍာန်ထပ်တူထပ်မျှတူရန်မလို၊ မှားလောက်အောင်ဆင်တူယိုးမှားဖြစ်လျှင် လုံလောက်အကျုံးဝင်သည်ဟု ရာဇသတ်ကြီးပုဒ်မ ၂၈ တွင် ပြဋ္ဌာန်းထားသည်။

တရားလိုတင်ပြသော ENJOY Vitamin E Oil တံဆိပ်နှင့် တရားပြိုင်ဘက်မှတင်ပြသော GOAL တံဆိပ်တို့အား နှိုင်းယှဉ်ကြည့်ရာ မူလရုံးတရားလိုထုတ်လုပ်သည့် ENJOY Vitamin Oil အမှတ်တံဆိပ်နှင့် မူလရုံးတရားပြိုင်ထုတ်လုပ်သော GOAL Vitamin E Oil အမှတ်တံဆိပ်တို့မှာ တူညီခြင်းမရှိကြောင်း တွေ့ရှိပေါ်ပေါက်သည်။ ကုန်အမှတ်တံဆိပ်များအတွက် တစ်ဦးတည်း မူပိုင်အသုံးပြုရန်အတွက် တရားလို၊ တရားပြိုင်တို့မှ အသီးသီးတရားဝင်ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်ခဲ့ကြကြောင်းလည်းတွေ့ရသည်။

ENJOY Vitamin E Oil မှာ ဘောလုံးတံဆိပ်တစ်လုံးသာပါရှိပြီး GOAL Vitamin E Oil တွင် ဘောလုံးတံဆိပ် ၂ လုံးပါရှိ၍ ကွဲပြားခြားနားနေသည်ကိုလည်းကောင်း၊ ချိတ်ဆွဲကတ်များ သက်သေခံ (င)၊ (၅ - ၂) နှင့် ချပ်ပုံးများတွင်လည်း ENJOY စကားလုံးနှင့် GOAL စကားလုံးများ အား ထင်ရှားပြတ်သားစွာ ရေးသားဖော်ပြထားသည်ကိုလည်းကောင်း၊ သက်သေခံချက်များအရ မြင်တွေ့နိုင်သည်။ တရားလိုပြသက်သေများက ENJOY Vitamin E Oil နှင့် GOAL Vitamin E Oil တို့ကို သုံးစွဲသူများမှားယွင်းဝယ်ယူသုံးစွဲခဲ့ကြောင်း ထွက်ဆိုထားခြင်းမရှိကြောင်းလည်း ပေါ်ပေါက် သဖြင့် တရားလို၏ကုန်အမှတ်တံဆိပ်ကို တရားပြိုင်မှတုပပြီး လူအများအား လှည့်ဖြားရန်

စီမံထုတ်လုပ်ခြင်းဖြစ်သည်ဟု ကောက်ယူရန်အကြောင်းမရှိပေ။ တရားလိုဏ်အကျိုးစီးပွားအား ထိခိုက်စေရန် တရားပြိုင်ဘက်မှ လူအများအား ထင်ယောင်ထင်မှားဖြစ်စေရန် တုပပြုလုပ်ဖြန့်ဖြူးကြောင်းလည်း မပေါ်ပေါက်ပေ။

ကုန်အမှတ်တံဆိပ်တုပရာရောက် မရောက်ဆန်းစစ်ရာ၌ ပြဿနာမှာဘေးချင်းယှဉ်ထားသော အချင်းဖြစ်ကုန်အမှတ်တံဆိပ်နှစ်ခုကို ကြည့်သောသူက ဝေခွဲမရဖြစ် မဖြစ် (တုပခြင်းခံရသော) ကုန်အမှတ်တံဆိပ်တစ်ခု၏မျက်ကွယ်၌ အခြားတံဆိပ်တုပသည်ဆိုသော တံဆိပ်ကို မြင်သောသူသည် ပထမကုန်အမှတ်တံဆိပ်၏သဘောကို ယေဘုယျအားဖြင့် မိမိမှတ်မိသမျှအရ မိမိရှေ့မှောက်ရှိတံဆိပ်သည် ယေဘုယျအားဖြင့် မှတ်မိသော အခြားတံဆိပ်နှင့် အတူတူဖြစ်သည်ဟု လှည့်ဖြားခံရဖွယ်ရာတွေးတော ထင်ဘွယ်ရာရှိ မရှိဖြစ်သည်။ **ဂေါ်ရှမ်းဆွတ် နှင့် အီးစီမဒါးဘရားသား (စ်) အမှု**[1] ကို ရည်ညွှန်းသည်။

မူလရုံးတွင် တရားလိုဘက်မှ ထုတ်လုပ်သည် ENJOY Vitamin E Oil နှင့် တရားပြိုင်ဘက်မှ တင်ပြထားသော GOAL Vitamin E Oil တို့မှာ တရားလိုဘက်အဆိုပြုသကဲ့သို့ တရားပြိုင်ဘက်မှ အတုအပထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ဖြန့်ဖြူးရောင်းချခဲ့ကြောင်း ထင်ရှားပေါ်ပေါက်မှုမရှိသဖြင့် ထာဝရတားဝရမ်းထုတ်ဆင့်ရန် မလိုအပ်ကြောင်းနှင့် နစ်နာဆုံးရှုံးမှုရှိခဲ့ကြောင်း ပေါ်ပေါက်မှုမရှိခြင်းတို့ကြောင့် တရားလိုမှာ နစ်နာကြေးငွေများ တရားပြိုင်ထံမှ ရရှိရန်အကြောင်း မရှိပေ။

အဆိုပါ အခြေအနေတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီအား ပယ်ဖျက်ပြီး တရားလိုစွဲဆိုသောအမှုအား စရိတ်နှင့်တကွ ပလပ်ခြင်းမှာ ဥပဒေနှင့်မညီညွှတ်ဟု မဆိုနိုင်သဖြင့် အဆိုပါ စီရင်ချက်နှင့်ဒီကရီအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဝင်ရောက်စွက်ဖက်ရန်အကြောင်း မပေါ်ပေါက်ချေ။

ထို့ကြောင့် ဤတရားမအယူခံမှုအား စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

( သာဋ္ဌေး )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

---

၁။ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်)၊ စာ - ၁၃၆။